# မြန်မာနိုင်ငံဆရာဝန်အသင်း
# ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း
# (၂၀၁၆)

(၁၅-၁-၂၀၁၆) ရက်နေ့တွင်ကျင်းပသော မြန်မာနိုင်ငံဆရာဝန်အသင်း နှစ်ပတ်လည်
အထွေထွေအစည်းအဝေးတွင် အတည်ပြုသည်။

# မာတိကာ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အမည်နှင့်အဓိပ္ပါယ်ဖော်ပြချက် | ၃ |
| ၂။ | အသင်း၏သဘောထားရပ်တည်ချက် | ၅ |
| ၃။ | ရည်ရွယ်ချက်နှင့်လုပ်ငန်းစဉ်များ | ၆ |
| ၄။ | အသင်း၏အမှတ်တံဆိပ်၊ အလံ၊ ရုံးတံဆိပ်နှင့်တည်နေရာ | ၉ |
| ၅။ | အသင်းဝင်ဖြစ်ခြင်း၊ တာဝန်နှင့်ရပိုင်ခွင့်များ၊ နှုတ်ထွက်ခြင်း၊ ရပ်စဲခြင်း | ၁၄ |
| ၆။ | အသင်း၏အဆင့်ဆင့်ဖွဲ့စည်းပုံ၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များ | ၂၀ |
| ၇။ | ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပြင်ဆင်ခြင်း | ၃၇ |
| ၈။ | အထွေထွေ | ၃၈ |

# အခန်း (၁)
# အမည်နှင့်အဓိပ္ပါယ်ဖော်ပြချက်

၁။ အမည်

အသင်း၏အမည်ကို "မြန်မာနိုင်ငံဆရာဝန်အသင်း" ဟု ခေါ်တွင်စေရမည်။

၂။ ဤဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည်။

(က) "အသင်း" ဆိုသည်မှာ မြန်မာနိုင်ငံဆရာဝန်အသင်းကို ဆိုလိုသည်။

(ခ) "တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ခရိုင်၊ မြို့နယ်အသင်း" ဆိုသည်မှာ အုပ်ချုပ်ရေးဒေသအလိုက် ဤအခြေခံစည်းမျဉ်းနှင့်အညီ ဖွဲ့စည်းထားသည့် ဆရာဝန်အသင်းကို ဆိုလိုသည်။

(ဂ) "လုပ်ငန်းအဖွဲ့" ဆိုသည်မှာ အသင်း၏လုပ်ငန်းလိုအပ်ချက်အလိုက် ဖွဲ့စည်းထားရှိသော လုပ်ငန်းအဖွဲ့အသီးသီးကို ဆိုလိုသည်။

(ဃ) "အထောက်အကူပြုအဖွဲ့" ဆိုသည်မှာ အသင်း၏ရည်မှန်းချက်နှင့်အညီ လုပ်ဆောင်နေသော လုပ်ငန်းများကိုကြီးကြပ်ရန် ဗဟိုအလုပ်အမှုဆောင် အဖွဲ့မှ အခါအားလျော်စွာ တာဝန်ပေးအပ်ထားသောအဖွဲ့ကို ဆိုလိုသည်။

(င) "ဘာသာရပ်ဆိုင်ရာအဖွဲ့" ဆိုသည်မှာ သက်ဆိုင်ရာအထူးပြုဘာသာရပ် အလိုက် မြန်မာနိုင်ငံဆရာဝန်အသင်းဝင် ကျွမ်းကျင်ပညာရှင်များဖြင့် ဖွဲ့စည်းထားသော အဖွဲ့အသီးသီးကို ဆိုလိုသည်။

(စ) "နှစ်ပတ်လည်အထွေထွေအစည်းအဝေး" (Annual General Meeting) ဆိုသည်မှာ မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို) မှ ကြီးမှူးကျင်းပသည့် မြန်မာနိုင်ငံတဝန်းလုံးရှိ အသင်းဝင်များအားလုံး ပါဝင်တက်ရောက်နိုင် သော လုပ်ငန်းရပ်ဆိုင်ရာအစည်းအဝေးကို ဆိုလိုသည်။

(ဆ) “မြန်မာနိုင်ငံဆရာဝန်ညီလာခံ” ဆိုသည်မှာ မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို) မှ ကြီးမှူးကျင်းပသည့် မြန်မာနိုင်ငံတဝန်းလုံးရှိ အသင်းဝင်များ အားလုံး ပါဝင်တက်ရောက်နိုင်သော နှစ်ပတ်လည်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ဆိုလိုသည်။

(ဇ) “ဘာသာရပ်ညီလာခံ” ဆိုသည်မှာ မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို) ၏ ဦးဆောင်မှုအောက်တွင် ဖွဲ့စည်းထားရှိသော ဘာသာရပ်အဖွဲ့များမှ ကြီးမှူးကျင်းပသည့် ညီလာခံကို ဆိုလိုသည်။

(ဈ) “နိုင်ငံတကာညီလာခံ” ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာဆေးပညာရှင် အသင်းများမှ ကိုယ်စားလှယ်များတက်ရောက်သည့် အစည်းအဝေးနှင့် ဘာသာရပ်ဆိုင်ရာ ညီလာခံကို ဆိုလိုသည်။

# အခန်း (၂)
# အသင်း၏သဘောထားရပ်တည်ချက်

၃။ အသင်း၏သဘောထားရပ်တည်ချက်မှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြန်မာနိုင်ငံအတွင်းရှိ ဆေးပညာဘွဲ့ရပြီးသူ နိုင်ငံသားဆရာဝန်များ ချစ်ကြည်ရင်းနှီးစွာပေါင်းစည်း၍ ဆရာဝန်ထုတစ်ရပ်လုံးကို ကိုယ်စားပြုပြီး "မြန်မာနိုင်ငံဆရာဝန်အသင်း" အမည်နာမဖြင့် ဖွဲ့စည်းတည်ထောင်ရန်၊

(ခ) အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာဥပဒေနှင့်အညီ ဖွဲ့စည်းခွင့်ရရှိသော ဆရာဝန်ထုကိုယ်စားပြု ပညာရှင်အသင်း ဖြစ်စေရန်၊

(ဂ) ခေတ်မီတိုးတက်နေသော ဆေးပညာဗဟုသုတများ ပြန့်ပွားရေး၊ အရည်အသွေးမြင့်မားသော ဆေးကုသမှုလုပ်ငန်းများနှင့် ပြည်သူ့ကျန်းမာရေး ကဏ္ဍတို့တွင် တစ်တပ်တစ်အားပါဝင်ပြီး စုပေါင်းဆောင်ရွက်နိုင်စေရန်၊

(ဃ) ဆရာဝန်များ၏ ကျင့်ဝတ်သိက္ခာထိန်းသိမ်းစောင့်ရှောက်မှု မြင့်မားစေရန်၊

(င) နိုင်ငံတော်နှင့် ပြည်သူလူထုကျန်းမာရေးဆိုင်ရာ မျှော်မှန်းချက်များကို ပြည့်မီစေရန် ကိုယ်ကျိုးမဖက် စေတနာ့ဝန်ထမ်း ထမ်းဆောင်လျက်ရှိသော ပြည်သူလူထုအကျိုးပြု ဆေးပညာရှင်အသင်းကြီးအဖြစ် ထာဝစဉ်ရပ်တည်သွားရန်၊

(စ) အသင်းသည် ဘဏ္ဍာငွေအမှီအခိုကင်းသော ရပ်တည်မှုအတွက် တည်ဆဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ တရားဝင်နည်းလမ်းများဖြင့် ရန်ပုံငွေရှာဖွေခြင်းနှင့် ရင်းနှီးမြှုပ်နှံခြင်းပြုလုပ်ရန်၊

(ဆ) အသင်းသည် နိုင်ငံတော်၏ကျန်းမာရေးဆိုင်ရာ မူဝါဒများနှင့်ပတ်သက်၍ သဘောထားများအား အကြံပြုတင်ပြဆွေးနွေးရန်၊

(ဇ) အသင်းဝင်များ၏ အကျိုးစီးပွားများကို တရားမျှတစွာ စည်းကမ်းနည်းလမ်းနှင့်အညီ ကာကွယ်စောင့်ရှောက်ရန်။

# အခန်း (၃)
# ရည်ရွယ်ချက်နှင့်လုပ်ငန်းစဉ်များ

၄။ အသင်း၏ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တိုးတက်ပြောင်းလဲလျက်ရှိသော ဆေးပညာဗဟုသုတနှင့် အတွေ့အကြုံများကို ဆရာဂန်ထုအတွင်း စဉ်ဆက်မပြတ် လေ့ကျင့်ပညာပေး ဖြန့်ဖြူးသွားရန်၊

(ခ) ဆရာဂန်များ၏ ဆေးကုသမှုအရည်အသွေးကို မြှင့်တင်ပေးနိုင်ခြင်းဖြင့် ပြည်သူလူထုအား ဆေးကုသစောင့်ရှောက်မှုအဆင့်အတန်း မြင့်မားလာစေရန်၊

(ဂ) ဆရာဝန်များ၏ကျင့်ဝတ်များကို လိုက်နာစောင့်စည်းရေးအတွက် ပညာပေးစည်းရုံးခြင်းဖြင့် ဆေးလောက၏ဂုဏ်သိက္ခာကို မြှင့်တင်ရန်၊

(ဃ) ဆေးသုတေသနလုပ်ငန်းများကို အားပေးအကောင်အထည်ဖော်ရန်၊

(င) ဆရာဂန်များ၏ စည်းလုံးချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်လေးစားမှု၊ အချင်းချင်း ကူညီစောင့်ရှောက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု အလေ့အထများ လေ့ကျင့်မွေးမြူပေးရန်၊

(စ) မျိုးဆက်သစ်ဆရာဂန်များအား ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေတောင်မြှောက်ပေးရန်၊

(ဆ) ပြည်သူ့ကျန်းမာရေးကဏ္ဍတွင် အခြားမိတ်ဖက်အဖွဲ့အစည်းများနှင့် လက်တွဲ၍ ကျရာအခန်းမှ ပူးပေါင်းဆောင်ရွက်ရန်၊

(ဇ) နိုင်ငံတကာနှင့် ဒေသတွင်းဆေးပညာအဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ခြင်း၊ နည်းပညာနီးနှောဖလှယ်ခြင်းများ ပြုလုပ်ရန်။

၅။ အသင်း၏လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အသင်း၏အစဉ်အလာ၊ အမွေအနှစ်၊ ဂုဏ်သိက္ခာကို ဆက်လက်ထိန်းသိမ်းလျက် ပြည်သူ့အကျိုးပြု အသင်းအဖြစ်အစဉ် ရှင်သန်ရပ်တည်နိုင်ရေး ဆောင်ရွက်ရန်၊

(ခ) အသင်း၏သမိုင်းကြောင်းကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် အလို့ငှာ စံနစ်တကျ မှတ်တမ်းတင်ခြင်း၊ ရေရှည်ထိန်းသိမ်းခြင်း၊ လက်ဆင့်ကမ်း တာဝန်ပေးအပ်ခြင်းကို ဆောင်ရွက်ရန်၊

(ဂ) လူငယ်မျိုးဆက်သစ်များကို စံနစ်တကျ လေ့ကျင့်ပြုစုပျိုးထောင်သွားရန်၊

(ဃ) ဆရာဝန်တိုင်း အသင်းဝင်ဖြစ်ရေး ရည်မှန်းချက်ဖြင့် စည်းရုံးဆောင် ရွက်ရန်၊

(င) နိုင်ငံအနှံ့ တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ခရိုင်၊ မြို့နယ် အသင်းများကို တိုးချဲ့ဖွဲ့စည်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ စည်းရုံးရေးနှင့် စီမံခန့်ခွဲမှု အရည်အချင်းများ တိုးတက်ရေးအတွက် မူဂါဒနှင့်ရည်မှန်းချက်များ ထားရှိ ကျင့်သုံးရန်၊

(စ) ဆေးလောက၏ ဂုဏ်သိက္ခာတိုးတက်မြင့်မားရေး ဆရာဂန်များ၏ကျင့်ဂတ်နှင့်အညီ ပြုမူနေထိုင်ရေးတို့အတွက် ပညာပေးစည်းရုံးခြင်း၊ လေ့ကျင့်သင်ကြားပေးခြင်း၊ လမ်းညွှန်ကူညီပေးခြင်း၊ အခြားသောအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်ရန်၊

(ဆ) အသင်း၏ဘဏ္ဍာရေးဆိုင်ရာမူဝါဒ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများရေးဆွဲ ပြဌာန်း ဆောင်ရွက်ရန်၊

(ဇ) နိုင်ငံတကာနှင့် ဒေသတွင်းဆေးပညာအဖွဲ့အစည်းများ၊ ဆေးပညာရှင်များနှင့် ချစ်ကြည်ရင်းနှီးမှုတည်ဆောက်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ အပြန်အလှန်နီးနှောဖလှယ်ခြင်းကို ဆောင်ရွက်ရန်၊

(ဈ) ဆရာဂန်များ၏ စဉ်ဆက်မပြတ်ဆေးပညာသင်ကြားရေးကို ဆောင်ရွက်ရန် နှင့် အသိအမှတ်ပြုပေးရန်၊ (Accreditation)

(ည) ဆေးပညာမြင့်မားရေးကိုရည်ရွယ်၍ ဆေးသုတေသနလုပ်ငန်းများကို အားပေးကူညီခြင်း၊ မိမိကိုယ်တိုင်ဆောင်ရွက်ခြင်း၊ အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်ရန်၊

(ဋ) အသင်းဝင်များ၏ အကျိုးစီးပွားကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရန်၊

(ဌ) ဆေးပညာဗဟုသုတ ပြန့်ပွားရေးအတွက် ဆေးပညာဂျာနယ်များ၊ သတင်းလွှာများ၊ မဂ္ဂဇင်းများ၊ စာအုပ်စာတမ်းများ၊ ပိုစတာများ၊ လက်ကမ်းစာစောင်များကို ထုတ်ဝေဖြန့်ချိသွားရန်၊

(ဍ) အသင်းဝင်များအကြား မိသားစုစိတ်ဓါတ်ဖြင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ရန်၊

(ဎ) ဦးစားပေးပြည်သူ့ကျန်းမာရေးလုပ်ငန်းများနှင့် အရေးပေါ်ကျန်းမာရေးပြဿနာများတွင် အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(ဏ) အသင်း၏အကျိုးစီးပွားအတွက် အပြုသဘောဖြင့် တင်ပြအကြံပြုချက်များကို အများစုသဘောတူညီမှုဖြင့် လက်ခံဆောင်ရွက်သွားရန်၊

(တ) အသင်း၏ဖွဲ့စည်းပုံအဆင့်ဆင့်နှင့် စီမံခန့်ခွဲရေးနည်းစနစ်များကို အခါအားလျော်စွာ လိုအပ်ပါက အများဆန္ဒသဘောထားအရ ပြုပြင်ပြောင်းလဲကျင့်သုံးသွားရန်။

# အခန်း (၄)
# အသင်း၏အမှတ်တံဆိပ်၊ အလံ၊ ရုံးတံဆိပ်နှင့်တည်နေရာ

၆။ အသင်းသည် ကိုယ်ပိုင်အမှတ်တံဆိပ်၊ အလံနှင့်ရုံးတံဆိပ်ကို တရားဝင်ပြဌာန်း သုံးစွဲနိုင်ရန် အောက်ဖော်ပြပါအတိုင်း သတ်မှတ်ပါသည် -

(က) အသင်း၏အမှတ်တံဆိပ်မှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) အသင်း၏ အမှတ်တံဆိပ်သည် ဘဲဥပုံထောင်လိုက်သဏ္ဍာန်ရှိ ရမည်။

(၂) အလယ်ဗဟိုချက်မတွင် ဆေးတောင်ပေ့းကို နစ်ပတ်ခွေပတ်နေသော မြွေတစ်ကောင်ရှိရမည်။ ယင်းမြွေ၏ ခေါင်းနှင့်အမြီးသည် လက်ယာဘက်သို့ လှည့်နေရမည်။

(၃) ယင်းတောင်ပေ့းနှင့်မြွေကို ပိုင်းရံထားသော ဘဲဥပုံနှစ်ထပ်မျဉ်းကြားတွင် MYANMAR MEDICAL ASSOCIATION ဟူသော စာလုံးပါရှိရမည်။ ယင်းနှစ်ထပ်မျဉ်းကို တစ်ဖက်တစ်ချက်တွင် စပါးနှံပိုင်းရံထားမည်ဖြစ်ပြီး အဝါရောင်အောက်ခံဖြစ်ရမည်။ ဘဲဥပုံထိပ်တွင် ရှေ့သို့မျက်နှာမူနေသော ခြင်္သေ့ပုံရှိပြီး ဘဲဥပုံအောက်ခြေတစ်ဖက်တစ်ချက်စီတွင် ဘေးတိုက်မြင်ရသောခြင်္သေ့တစ်ကောင်စီပါရှိရမည်။

(၄) တံဆိပ်၏အောက်ခြေတွင် စာရွက်ခေါက်ပုံသဏ္ဍာန်နှစ်ထပ်မျဉ်းပါရှိပြီး ယင်းနှစ်ထပ်မျဉ်းကြားတွင် "အာရောဂျ" "ပရမာ" "လာဘာ" ဟူသော စာတမ်းပါရှိရမည်။

(၅) တံဆိပ်အမှတ်အသားအရောင်သည် အဝါရောင်ဖြစ်ပြီး အနက်ရောင်မျဉ်းသားဖြစ်သည်။ တံဆိပ်တစ်ခုလုံး၏ ကျောဖက်နောက်ခံအရောင်သည် အနီရောင်လေးထောင့်နောက်ခံ ဖြစ်သည်။




(ခ) အသင်း၏အလံမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) အလျား ၄ ပေခွဲ၊ အနံ ၂ ပေခွဲရှိသော မိုးပြာနရောင်ပိတ်ထည်၊

(၂) အလယ်တည့်တည့်တွင် ထင်ရှားပေါ်လွင်သော အသင်းတံဆိပ် ပါရှိရန်၊

(၃) ညီလာခံများကျင်းပရာတွင်လည်းကောင်း၊ နိုင်ငံတကာအစည်းအဝေးများ ကျင်းပရာတွင်လည်းကောင်း အသင်းအလံကို တရားဝင် အသုံးပြုခွင့်ရှိသည်။




(ဂ) အသင်း၏ရုံးတံဆိပ်မှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) အသင်း၏ရုံးတံဆိပ်သည် အချင်းနှစ်လက်မရှိသော နှစ်ထပ် စက်ဝိုင်းဖြစ်၍ ယင်းနှစ်ထပ်မျဉ်းကြားတွင် မြန်မာနိုင်ငံဆရာဝန် အသင်း (ဗဟို/တိုင်းဒေသကြီး/ပြည်နယ်/ပြည်ထောင်စုနယ်မြေ/ ခရိုင်/ မြို့နယ်) စသည်ဖြင့်ပါရှိရမည်။

(၂) စက်ပိုင်း၏အလယ်တွင် နေ့စွဲနှင့်စာအမှတ် ပါရှိရမည်။

(၃) ရုံးတံဆိပ်သည် အဖြူခံအနက်မျဉ်း ဖြစ်ရမည်။

(၄) စက်ပိုင်းတံဆိပ်ကို မြန်မာ၊ အင်္ဂလိပ်နှစ်မျိုး ရေးသားနိုင်သည်။




(၅) ဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူးတို့၏ တံဆိပ်တုံးကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ သဘောတူညီမှုဖြင့် ပြုလုပ်နိုင်သည်။

၇။ အသင်း၏ အမှတ်တံဆိပ်နှင့် ရုံးတံဆိပ်အသုံးပြုခြင်းကို အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) အသင်း၏အမှတ်တံဆိပ် အသုံးပြုခြင်းမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) မြန်မာနိုင်ငံဆရာဝန်အသင်း၏ အမှတ်တံဆိပ်ကို တစ်နိုင်ငံလုံး တစ်ပြေးညီ သတ်မှတ်သုံးစွဲရမည်။

(၂) အသင်းအမှတ်တံဆိပ်ကို ရင်ထိုး၊ ပိုစတာ၊ ဆိုင်းဘုတ်၊ တံဆိပ်အမှတ်အသားပြုလုပ်၍ သုံးစွဲခွင့်ရှိသည်။

(၃) အသင်း၏အမှတ်တံဆိပ်ကို အသင်းများ၊ အသင်းဝင်များမှလွဲ၍ မည်သူမျှ တပ်ဆင်သုံးစွဲခွင့်မရှိစေရ၊

(၄) တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ခရိုင်၊ မြို့နယ်အသင်းများနှင့် ဘာသာရပ်ဆိုင်ရာအဖွဲ့များသည် အသင်းအမှတ်တံဆိပ်၏အောက်ခြေတွင် သက်ဆိုင်ရာမြို့၊ ဘာသာရပ်အမည်နာမ

တပ်ဆင်ရေးသား၍ အသုံးပြုနိုင်သည်။ အခြားမူကွဲပုံစံ ပြုလုပ်သုံးစွဲခြင်း၊ ပြင်ဆင်ခြင်းမပြုလုပ်ရ။

(၅) အသင်း၏အမှတ်တံဆိပ်ကို ထိုက်တန်သည့်နေရာတွင် ရိုက်နှိပ်ခြင်း၊ တပ်ဆင်ချိတ်ဆွဲခြင်း ပြုလုပ်ရမည်။ အသင်း၏ပေါ်လွင်မှုနှင့် ဂုဏ်ကျက်သရေကို ညှိုးနွမ်းဖုံးလွှမ်းစေမည့် ပြင်ဆင်ထားရှိမှုကို လုံး၀ ခွင့်မပြုရ။

(၆) အသင်း၏အမှတ်တံဆိပ်ကို အလွဲသုံးစားပြုခြင်း၊ ခိုးယူကူးချခြင်း၊ ယုတ်ညံ့အောင် ပြုလုပ်ခြင်းတွေ့ရှိပါက အသင်းမှတရားစွဲဆိုပိုင်ခွင့် ရှိစေရမည်။

(၇) အသင်း၏အမှတ်တံဆိပ်ကို စီးပွားရေးအလို့ငှာ ကြော်ငြာခြင်း၊ ရောင်းချခြင်း၊ စိုက်ထူခြင်းမပြုလုပ်ရ။

(၈) အသင်း၏အမှတ်တံဆိပ်ကိုအသုံးပြု၍ အမှတ်တရလက်ဆောင်ပစ္စည်းများပြုလုပ်လိုပါက အလုပ်အမှုဆောင်အဖွဲ့ထံ တင်ပြသဘောတူညီမှု ရယူရမည်။

(၉) ဘာသာရပ်ဆိုင်ရာအဖွဲ့များ၊ လုပ်ငန်းအဖွဲ့များသည် အသင်းအမှတ်တံဆိပ်၏ အောက်ခြေတွင် သက်ဆိုင်ရာ ဘာသာရပ်လုပ်ငန်းအဖွဲ့၏ အမည်ကိုရေးသား၍ အမှတ်တံဆိပ်အဖြစ် အသုံးပြုနိုင်သည်။ ဘာသာရပ်လက္ခဏာသင်္ကေတများထားရှိ အသုံးပြုလိုပါက သက်ဆိုင်ရာအဖွဲ့များမှ အများသဘောတူဆုံးဖြတ်၍ ဗဟိုအလုပ်အမှုဆောင်အဖွဲ့သို့တင်ပြ၍ သုံးစွဲခွင့်ရှိသည်။ သို့ရာတွင် အသင်းအမှတ်တံဆိပ်ကို ဝဲဖက်တွင်ထား၍ ယှဉ်တွဲအသုံးပြုရမည်။

(ခ) အသင်း၏ရုံးတံဆိပ်ကိုအသုံးပြုခြင်းမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) အသင်း၏ရုံးတံဆိပ်ကို မူပိုင်အဖြစ် တစ်ခုတည်း ထားရှိသုံးစွဲရမည်။ ကိုယ်ပွားမရှိစေရ။

(၂) ရုံးတံဆိပ်ကို ရုံးအဖွဲ့တာဝန်ရှိသူအရာရှိမှ လုံခြုံစွာထိန်းသိမ်းထားရှိရမည်။

(၃) ရုံးတံဆိပ်ကို ရုံးစီမံခန့်ခွဲရေးလုပ်ငန်းများနှင့် စာပေးစာယူလုပ်ငန်းများတွင် စနစ်တကျသုံးစွဲရမည်။ သတ်မှတ်ထားသောကိစ္စများမှအပ အလွဲသုံးစားမပြုရ။

(၄) မထင်ရှားခြင်း၊ ပျက်စီးခြင်း၊ ပျောက်ဆုံးခြင်းရှိပါက အမှုဆောင်အဖွဲ့သို့ ချက်ခြင်းတင်ပြ အစီရင်ခံရမည်။

(၅) တံဆိပ်အား ဆင်တူယိုးမှားကူးယူခြင်း၊ ခိုးယူခြင်းတွေ့ရှိပါက တရားဥပဒေအရ တရားစွဲဆိုခွင့်ရှိသည်။

(၆) တံဆိပ်ရိုက်နှိပ်ပြီးတိုင်း လက်မှတ်နှင့်နေ့စွဲကို ထည့်သွင်းရမည်။

(၇) အသင်းရုံးတံဆိပ်နမူနာကို ကွန်ပျူတာတွင် ထိန်းသိမ်းထားရမည်။

၈။ အသင်း၏တည်နေရာမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အသင်း၏ဗဟိုကော်မတီနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့တို့၏ အဆောက်အအုံတို့သည် ရန်ကုန်မြို့ (သို့မဟုတ်) နောင်အခါထားရှိမည့် ဌာနချုပ်အဆောက်အအုံတည်ရှိရာမြို့တွင် တည်ရှိရမည်။

(ခ) တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ/ ခရိုင်အသင်းများသည် သက်ဆိုင်ရာ နယ်မြေရှိ အချက်အချာကျသောမြို့တွင်ရှိရမည်။

(ဂ) မြို့နယ်အသင်းများသည် သက်ဆိုင်ရာမြို့တွင်ရှိရမည်။

(ဃ) အသင်းပိုင်မြေနေရာ အဆောက်အအုံမရှိသေးပါက အလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် သင့်တင့်လျောက်ပတ်သောနေရာတွင် ယာယီထားရှိနိုင်သည်။

(င) အသင်းတည်နေရာ အဆောက်အအုံတွင် အသင်း၏အမှတ်တံဆိပ်နှင့် အသင်းစာတန်းပါရှိရမည်။

(စ) မိမိအသင်း၏တည်နေရာနှင့် ဆက်သွယ်ရန်လိပ်စာကို အသင်းဝင်အားလုံး သိရှိစေရန် အကြောင်းကြားရမည်။

(ဆ) အသင်း၏တည်နေရာပြောင်းရွှေ့ပါက ထပ်ဆင့်အကြောင်းကြားရမည်။

(ဇ) အသင်း၏တည်နေရာ၊ အဆောက်အအုံ၊ အဆင်အပြင်အခင်းအကျင်း၊ ဖွဲ့စည်းပုံအားလုံးသည် အသင်း၏ဂုဏ်ကျက်သရေကို ဖော်ညွှန်းရမည်။

# အခန်း (၅)
# အသင်းဝင်ဖြစ်ခြင်း၊တာဝန်နှင့်ရပိုင်ခွင့်များ၊နုတ်ထွက်ခြင်း၊ရပ်စဲခြင်း

၉။ အသင်းကို အောက်ဖော်ပြပါအသင်းဝင်များဖြင့် ဖွဲ့စည်းသည် -

(က) အသင်းဝင်

(၁) နိုင်ငံသားဖြစ်ပြီး မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုဆရာဝန် မှတ်ပုံတင်လက်မှတ် (Myanmar Medical Council Registration) လက်ဝယ်ရှိသူတိုင်း သတ်မှတ်ချက်များနှင့်အညီ အသင်းဝင်အဖြစ် လျှောက်ထားခွင့်ရှိသည်။

(၂) အသင်းဝင်တစ်ဦး သိရှိလိုက်နာရမည့်ကတိသစ္စာကို လိုက်နာဆောင် ရွက်နိုင်မှသာ အသင်းဝင်ဖြစ်ခွင့်ရှိသည်။

(၃) ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် အသင်းဝင်အဖြစ်လျှောက်ထား လွှာကိုစိစစ်၍ အသင်းဝင်အဖြစ် လက်ခံနိုင်သည်။

(၄) အသင်းမှအခါအားလျော်စွာ သတ်မှတ်ပြဋ္ဌာန်းပေးသော အသင်းဝင် မှတ်ပုံတင်ကြေး (Registration Fees) ကို ပေးသွင်းပြီးမှသာ အသင်းဝင်အဖြစ် အသိအမှတ်ပြုသည်။

(၅) အသင်းဝင်တစ်ဦးသည် အခါအားလျော်စွာ သတ်မှတ်ပြဋ္ဌာန်းပေး သော နှစ်စဉ်ကြေး (Annual Fees) ကို ပေးသွင်းရမည်။

(ခ) ရာသက်ပန်အသင်းဝင်

(၁) အသင်းဝင်တိုင်းသည် ရာသက်ပန်အသင်းဝင်အဖြစ် ဆန္ဒရှိပါက လျှောက်ထားနိုင်သည်။

(၂) ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် လျှောက်ထားချက်အား စိစစ်၍ ရာသက်ပန်အသင်းဝင်အဖြစ် လက်ခံနိုင်သည်။

(ဂ) ဂုဏ်ထူးဆောင်အသင်းဝင် (Honorary Membership)

(၁) အသင်း၏အကျိုးစီးပွားကို တိုးတက်အောင် အစဉ်တစိုက်အားပေး ဆောင်ရွက်ခဲ့သည့် ဆရာဝန်၊ ဆေးပညာရှင်၊ အဖွဲ့အစည်းကို ကိုယ်စားပြုသူနှင့် အခြားလူပုဂ္ဂိုလ်များကို ဂုဏ်ထူးဆောင်အသင်း ဝင်အဖြစ် အသိအမှတ်ပြုစေလိုပါက ဗဟိုအလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြအတည်ပြုချက် ရယူရမည်။

(၂) ဂုဏ်ထူးဆောင်အသင်းဝင်တိုင်းသည် ဆန္ဒမဲပေးပိုင်ခွင့်နှင့် ရွေးချယ် တင်မြှောက်ခံနိုင်ခွင့်မရှိစေရ၊ သို့သော်အသင်း၏လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိပြီး အကျိုးခံစားခွင့်ကို ဗဟိုအလုပ်အမှုဆောင် အဖွဲ့က သတ်မှတ်ပြဌာန်းထားသည့်အတိုင်း ခံစားခွင့်ရှိသည်။

(၃) ဂုဏ်ထူးဆောင်အသင်းဝင်တိုင်းသည် မှတ်ပုံတင်ကြေး ကင်းလွတ် ခွင့် ရှိသည်။

(ဃ) နိုင်ငံရပ်ခြားအသင်းဝင် (Overseas Membership)

(၁) ပြည်ပနိုင်ငံများမှ ဆေးပညာရှင်များအနေနှင့် အသင်း၏အကျိုး စီးပွားကို စိတ်ဝင်စား၍ တိုးတက်အောင် အားပေးကူညီသူများဖြစ်ခဲ့ လျှင်၎င်းတို့၏ဆန္ဒဖြင့်အသင်းဝင်ဖြစ်လိုပါကဗဟိုအလုပ်အမှုဆောင် အဖွဲ့မှ သဘောတူလျှင် နိုင်ငံရပ်ခြားအသင်းဝင် (Overseas Membership) အဖြစ်သတ်မှတ်၍ အသိအမှတ်ပြုနိုင်သည်။

(၂) အသင်း၏လုပ်ငန်းအဖွဲ့၊ အထောက်အကူပြုအဖွဲ့နှင့် ဘာသာရပ် ဆိုင်ရာအဖွဲ့တို့သည် တစ်ဦးဦးအား နိုင်ငံရပ်ခြားအသင်းဝင်အဖြစ် အသိအမှတ်ပြုစေလိုပါက ဗဟိုအလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြ အတည်ပြုချက် ရယူရမည်။

(၃) ယင်းအသင်းဝင်များသည် မဲပေးနိုင်ခွင့်နှင့် ရွေးချယ်တင်မြှောက် ခံပိုင်ခွင့် မရှိစေရ၊ သို့သော် အသင်း၏လုပ်ငန်းများတွင် ပါဝင်ဆောင် ရွက်ခွင့်ရှိပြီး အကျိုးခံစားခွင့်များကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့က သတ်မှတ်ပြဌာန်းထားသည့်အတိုင်း ခံစားခွင့်ရှိသည်။

(၄) နိုင်ငံရပ်ခြားအသင်းဝင်အဖြစ် မှတ်ပုံတင်ကြေးကို ဗဟိုအလုပ်အမှု ဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်အရ ပေးသွင်းရမည်။

(င) အရံအသင်းဝင် (Pro-Membership)

ဆေးတက္ကသိုလ်များ၏ နောက်ဆုံးနှစ်အပိုင်း (ခ) ကျောင်းသားများ၊ အလုပ်သင်ဆရာဝန်များနှင့် ဆရာဂန်မှတ်ပုံတင် မရရှိသေးသည့် အလုပ်သင် ဆရာဂန်ပြီးဆုံးသူများအား အသင်း၏ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ကြိုတင်ထိတွေ့လေ့လာနိုင်ရန်အလို့ငှာ အရံအသင်းဝင်များအဖြစ် လက်ခံနိုင်သည်။ အရံအသင်းဝင်များသည် ဆန္ဒမဲပေးပိုင်ခွင့်နှင့် ရွေးချယ်တင် မြှောက်ခံပိုင်ခွင့် မရှိစေရ။

၁၀။ ကတိသစ္စာ -

အသင်းဝင်တိုင်းသည် အောက်ပါကတိသစ္စာကို စောင့်သိရိုသေရမည်။

(က) ကျွန်ုပ်တို့သည် နိုင်ငံတော်နှင့်ပြည်သူကို သစ္စာစောင့်သိပါမည်။

(ခ) ကျွန်ုပ်တို့သည် ဆေးလောကနှင့် ဆရာဝန်ထုအပေါ် သစ္စာစောင့်သိ ရိုသေပါမည်။

(ဂ) ကျွန်ုပ်တို့သည် ကိုယ်ကျိုးမဖက် အများပြည်သူအကျိုးအတွက် စေတနာ့ ဝန်ထမ်း ဆောင်ရွက်ပါမည်။

(ဃ) ကျွန်ုပ်တို့သည် ဆရာဝန်များလိုက်နာကျင့်သုံးရမည့် ကိုယ်ကျင့်သိက္ခာကို ထာဝစဉ် လိုက်နာကျင့်ကြံ နေထိုင်ပါမည်။

(င) ကျွန်ုပ်တို့သည် အသင်းမှပေးအပ်သောတာဝန်ကို ကျေပွန်စွာ ထမ်းဆောင် ပါမည်။

၁၁။ တာဝန်များ -

(က) အသင်းဝင်တိုင်းသည် မိမိအသင်းအပေါ် သစ္စာရှိစွာဖြင့် အစဉ်အလာဂုဏ်သိက္ခာများကို စောင့်ထိန်းရမည်။

(ခ) အသင်းဝင်တိုင်းသည် အသင်း၏ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ပေးအပ်သည့် တာဝန်အလိုက် ကျေပွန်အောင် ဆောင်ရွက်ရမည်။

(ဂ) အသင်းဝင်တိုင်းသည် အသင်းဝင်အချင်းချင်း ချစ်ခင်လေးစားခြင်း၊ အပြန်အလှန်ယုံကြည်ခြင်း၊ ဖေးမကူညီခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း ပြုလုပ်ရမည်။

(ဃ) အသင်းဝင်တိုင်းသည် လုပ်ငန်းတာဝန်များ လုပ်ဆောင်ရာတွင် အများ၏ဆန္ဒကို သဘောထားခံယူ၍ အများ၏ဆုံးဖြတ်ချက်ကို လိုက်နာကျင့်သုံးရမည်။

(င) အသင်းဝင်တိုင်းသည် ဆန္ဒစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဌာနစွဲ၊ ရာထူးဂုဏ်သိန်အစွဲ၊ ပညာရပ်အစွဲ၊ ဘာသာအစွဲ၊ အသင်းအဖွဲ့၊ နေရာဒေသအစွဲများ ထားရှိခြင်း မပြုရ။

(စ) အသင်း၏ဂုဏ်သိက္ခာနှင့် အကျိုးစီးပွားကို ထိပါးလာသော မည်သည့်ကိစ္စရပ်မဆို ကာကွယ်စောင့်ရှောက်ရန် အသင်းဝင်တိုင်းတွင် တာဝန်ရှိသည်။

(ဆ) အသင်းဝင်တိုင်းသည် အသင်းဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းနှင့် အလုပ်အမှုဆောင်အဖွဲ့များ၏ ဆုံးဖြတ်ချက်ကို လေးစားလိုက်နာရမည်။

(ဇ) အသင်းဝင်တိုင်းသည် ပေးသွင်းရမည့် မှတ်ပုံတင်ကြေးနှင့် အသင်းသို့ အခြားပေးသွင်းရမည့် ငွေများကို မပျက်မကွက် ပေးသွင်းရမည်။

၁၂။ ရပိုင်ခွင့်များ -

(က) အသင်းဝင်တစ်ဦးသည် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ သတ်မှတ်ပြဌာန်းထားသော ဆန္ဒမဲပေးပိုင်ခွင့်နှင့် အခန်း (၈) အပိုဒ် ၃၉ နှင့် ၄၃ တို့နှင့် ငြိစွန်းခြင်းမရှိပါက ရွေးချယ်တင်မြှောက်ခံပိုင်ခွင့်ရှိသည်။

(ခ) အသင်းဝင်တစ်ဦးသည် အသင်းမှကျင်းပသောညီလာခံများ၊ ဆွေးနွေးပွဲများ၊ နှစ်ပတ်လည်အထွေထွေအစည်းအဝေးများသို့ တက်ရောက်ဆွေးနွေးပြောခွင့်ရှိသည်။

(ဂ) အသင်းဝင်တစ်ဦးသည် အသင်း၏အကျိုးစီးပွား၊ ဂုဏ်သိက္ခာကိုတိုးတက်စေရန်အကြံပြုခြင်း၊ ပါဝင်ဆောင်ရွက်ခြင်းနှင့် ကာကွယ်ခြင်းပြုလုပ်နိုင်သည်။

(ဃ) အသင်း၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ ပေးအပ်သော အခြားရပိုင်ခွင့်များကို ခံစားခွင့်ရှိသည်။

(င) အသင်းဝင်တစ်ဦးသည် အသင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ သတ်မှတ်ထားသော တံဆိပ်၊ အဆောင်အယောင်များကို သုံးစွဲခွင့်ရှိသည်။

၁၃။ အသင်းဝင်တစ်ဦးသည် အသင်းမှနုတ်ထွက်လိုပါက အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) အသင်းဝင်တစ်ဦးသည် အကြောင်းတစ်ခုခုကြောင့် မိမိဆန္ဒအလျောက် အသင်းဝင်အဖြစ်မှ နုတ်ထွက်ခွင့်ရှိသည်။

(ခ) အနီးစပ်ဆုံး အလုပ်အမှုဆောင်အစည်းအဝေးတွင် နုတ်ထွက်လွှာကိုတင်ပြ၍ သဘောတူညီပြီးဖြစ်ပါက အသင်းဝင်အဖြစ်မှ နုတ်ထွက်ပြီးဖြစ်သည်။

(ဂ) နုတ်ထွက်သွားသောအသင်းဝင်၏နုတ်ထွက်လွှာ၊ အလုပ်အမှုဆောင်အဖွဲ့၏ သဘောထားမှတ်ချက်နှင့် ဆုံးဖြတ်ချက်ကို အသင်းအဖွဲ့အစည်းအထက်အဆင့်ဆင့်သို့ အကြောင်းကြားရမည်။

၁၄။ အသင်းဝင်တစ်ဦးသည် အောက်ပါအကြောင်းအရာ တစ်ရပ်ရပ်ပေါ်ပေါက်ပါက အသင်းဝင်အဖြစ်မှ ရပ်စဲခြင်းခံရမည် -

(က) မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြု ဆရာဝန်မှတ်ပုံတင်လက်မှတ် (Myanmar Medical Council Registration) ပယ်ဖျက်ခံရခြင်း၊

(ခ) အသင်းဝင်တစ်ဦးသည် မိမိလိုက်နာကျင့်သုံးရမည့် အသင်းဝင်ကတိသစ္စာနှင့် ကျင့်ဝတ်များကို ဖောက်ဖျက်ကျူးလွန်ခြင်း၊

(ဂ) အသင်း၏ဂုဏ်သိက္ခာနှင့် အကျိုးစီးပွားကို တစ်နည်းနည်းဖြင့် ပျက်စီးအောင် ကျင့်ကြံအားထုတ်ခြင်း၊

(ဃ) အသင်းသို့ပေးသွင်းရမည့် မှတ်ပုံတင်ကြေးကို အသင်းမှတောင်းခံသော်လည်း သုံးနှစ်ဆက်တိုက် ပေးသွင်းရန်ပျက်ကွက်ခြင်း၊

(င) အကျင့်စာရိတ္တဆိုင်ရာ ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပြစ်မှုထင်ရှား စီရင်ခံရခြင်း၊

(စ) ဆရာဝန်ကျင့်ဝတ်သိက္ခာ (Medical Ethics) ပျက်ကွက်သည်ဟု စစ်ဆေးတွေ့ရှိခြင်း၊

(ဆ) ကွယ်လွန်အနိစ္စရောက်ခြင်း။

၁၅။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်တစ်ရပ်ရပ်အား ကျေနပ်မှုမရှိသည့် အသင်းဝင်သည် ကျိုးကြောင်းခိုင်လုံသော အထောက်အထားတင်ပြလျက် ဗဟိုကော်မတီသို့ အယူခံခွင့်ရှိသည်။

၁၆။ အသင်းဝင်အဖြစ်မှ ရပ်စဲခံရသူသည် (သို့မဟုတ်) နုတ်ထွက်သူသည် အောက်ပါအခြေအနေနှင့် ပြည့်စုံမှုရှိပါက အသင်းဝင်အဖြစ် ပြန်လည်လျှောက်ထားနိုင်သည် -

(က) မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြု ဆရာဝန်မှတ်ပုံတင်လက်မှတ် (Myanmar Medical Council Registration)ပြန်လည်ထုတ်ပေးပြီးဖြစ်ခြင်း၊

(ခ) အသင်းဝင်ကြေးပေးသွင်းရန် ပျက်ကွက်မှုကြောင့် အသင်းဝင်အဖြစ် ရပ်စဲခံရသူသည် မိမိဆန္ဒအလျောက် အသင်းဝင်အဖြစ် ပြန်လည်လျှောက်ထားခြင်း၊

(ဂ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှ အသင်းဝင်အဖြစ်ပြန်လည် သဘောတူလက်ခံသင့်ကြောင်း မှတ်ချက်ပြုခြင်း။

# အခန်း (၆)
# အသင်း၏အဆင့်ဆင့်ဖွဲ့စည်းပုံ၊တာဝန်နှင့်လုပ်ပိုင်ခွင့်များ

ဖွဲ့စည်းပုံမူဂါဒ

၁၇။ မြန်မာနိုင်ငံဆရာဂန်အသင်းသည်နိုင်ငံတော်မှတရားဂင်အသိအမှတ်ပြုထားသော ဆရာဝန်ဘွဲ့ရရှိပြီးသူ ဆရာဝန်ထုတစ်ရပ်လုံးကို ကိုယ်စားပြုသည့် ဆရာဂန်အသင်းကြီး ဖြစ်သည်။

၁၈။ အသင်း၏အမည်ကို မြန်မာနိုင်ငံဆရာဂန်အသင်း (ဗဟို/ တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ/ ခရိုင်/ မြို့နယ်) ဟု ခေါ်တွင်စေရမည်။ တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ/ ခရိုင်/ မြို့နယ်အုပ်ချုပ်ရေးဒေသအဆင့်ဆင့်၌ ဖွဲ့စည်းထားရှိကြသောဆရာဂန်အသင်းများသည်လည်းကောင်း၊ဘာသာရပ်ဆိုင်ရာအဖွဲ့များသည်လည်းကောင်း၊ လုပ်ငန်းအဖွဲ့များသည်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ မြန်မာနိုင်ငံဆရာဂန်အသင်း (ဗဟို) ၏ ဦးဆောင်မှုအောက်တွင် အဆင့်ဆင့်တည်ရှိစေရမည်။ လုပ်ငန်းအဖွဲ့များ၊ ဘာသာရပ်ဆိုင်ရာအဖွဲ့များမှ လုပ်ငန်းသဘာဂအရ ဘာသာရပ်အလိုက် အဖွဲ့ကိုအမည်နာမပြုနိုင်သည်။

"မြန်မာနိုင်ငံဆရာဝန်အသင်း" (ဗဟို)
"မြန်မာနိုင်ငံဆရာဝန်အသင်း" (ကချင်ပြည်နယ်)
"မြန်မာနိုင်ငံဆရာဝန်အသင်း" (ကယားပြည်နယ်)
"မြန်မာနိုင်ငံဆရာဝန်အသင်း" (ကရင်ပြည်နယ်)
"မြန်မာနိုင်ငံဆရာဝန်အသင်း" (ချင်းပြည်နယ်)
"မြန်မာနိုင်ငံဆရာဝန်အသင်း" (စစ်ကိုင်းတိုင်းဒေသကြီး)
"မြန်မာနိုင်ငံဆရာဝန်အသင်း" (တနင်္သာရီတိုင်းဒေသကြီး)
"မြန်မာနိုင်ငံဆရာဝန်အသင်း" (ပဲခူးတိုင်းဒေသကြီး)
"မြန်မာနိုင်ငံဆရာဝန်အသင်း" (မကွေးတိုင်းဒေသကြီး)

"မြန်မာနိုင်ငံဆရာဝန်အသင်း" (မန္တလေးတိုင်းဒေသကြီး)
"မြန်မာနိုင်ငံဆရာဝန်အသင်း" (မွန်ပြည်နယ်)
"မြန်မာနိုင်ငံဆရာဝန်အသင်း" (ရခိုင်ပြည်နယ်)
"မြန်မာနိုင်ငံဆရာဝန်အသင်း" (ရန်ကုန်တိုင်းဒေသကြီး)
"မြန်မာနိုင်ငံဆရာဝန်အသင်း" (ရှမ်းပြည်နယ်)
"မြန်မာနိုင်ငံဆရာဝန်အသင်း" (ဧရာဝတီတိုင်းဒေသကြီး)
"မြန်မာနိုင်ငံဆရာဝန်အသင်း" (နေပြည်တော်ကောင်စီနယ်မြေ)

အဖွဲ့များဖွဲ့စည်းရာတွင် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ တစ်ပြေးညီဖြစ်စေရန်နှင့် ရွေးချယ်တင်မြှောက်ပုံ နည်းစနစ်သည်လည်း သတ်မှတ်ထားသည့်အတိုင်း တစ်ပြေးညီ ဖြစ်စေရမည်။

မြို့နယ်အသင်းဖွဲ့စည်းခြင်း

၁၉။ မြို့နယ်အသင်းများကို အောက်ဖော်ပြပါအတိုင်း ဖွဲ့စည်းရမည် -

(က) မြို့နယ်အသင်းများသည် အခြေခံအကျဆုံးအသင်းများဖြစ်ပြီး ဒေသခံ ဆရာဂန် (၅) ဦးရှိပါက အသင်းဖွဲ့စည်းခွင့်ရှိသည်။

(ခ) မြို့နယ်အသင်းကို မြန်မာနိုင်ငံဆရာဂန်အသင်း (မြို့နယ်အမည်) ဟု သတ်မှတ်ခေါ်တွင်စေရမည်။ အသင်းခွဲဟု မခေါ်တွင်ရ။ ဥပမာ - မြန်မာနိုင်ငံ ဆရာဂန်အသင်း (မော်လမြိုင်)

(ဂ) မြို့နယ်အသင်းမရှိသော မြို့နယ်မှဆရာဂန်တစ်ဦးသည် နီးစပ်ရာမြို့နယ် အသင်းသို့ အသင်းဝင်အဖြစ် ဂင်ရောက်ခွင့်ရှိသည်။

(ဃ) မြို့နယ်အသင်းများသည် ဗဟိုကော်မတီ သို့မဟုတ် ဗဟိုအလုပ်အမှု ဆောင်အဖွဲ့မှ ဆုံးဖြတ်တာဂန်ပေးအပ်သည့် လုပ်ငန်းစဉ်များကို ဆောင်ရွက် ရမည်။

(င) မြို့နယ်အသင်းရှိ အသင်းဝင်အားလုံး မြန်မာနိုင်ငံဆရာဂန်အသင်း (ဗဟို) သို့ အသင်းဂင်မှတ်ပုံတင်ကြေးနှင့် နှစ်စဉ်ကြေးတို့ကို ပေးသွင်းရမည်။

(စ) မြို့နယ်အသင်းတိုင်းတွင် အသင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ အမှုဆောင်အဖွဲ့ထားရှိ တာဝန်ပေးအပ်ရမည်။ ထိုအဖွဲ့၏သက်တမ်းသည် (၂) နှစ် ဖြစ်သည်။ (ဗဟို ကော်မတီ၏ သက်တမ်းနှင့် လိုက်လျောညီထွေ ရှိရမည်)

(ဆ) မြို့နယ်အသင်းများသည် အဆင့်ဆင့်သော ခရိုင်/ ပြည်ထောင်စုနယ်မြေ/ ပြည်နယ်/ တိုင်း ဒေသကြီးအသင်းများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ရမည်။ အချို့ကိစ္စရပ်များအတွက် မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို) သို့ တိုက်ရိုက်ဆက်သွယ် ဆောင်ရွက်နိုင်သည်။

(ဇ) မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို) သည် မြို့နယ်အသင်းများ၏ ကြွေးမြီများ အတွက် တာဝန်မရှိသကဲ့သို့ မြို့နယ်အသင်းများသည်လည်း မြန်မာနိုင်ငံ ဆရာဝန်အသင်း (ဗဟို) ၏ ကြွေးမြီများအတွက် တာဝန်မရှိစေရ။

(ဈ) မြို့နယ်အသင်းများသည် ကျန်းမာရေးစီမံချက်ကိစ္စရပ်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို) နှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရမည်။

(ည) မြို့နယ်အသင်းများသည် မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို) မှ စီစဉ်ဆောင် ရွက်ပေးသည့် ဆေးပညာပြန့်ပွားရေးအစီအစဉ်များ၊ အထောက်အကူပြု ပစ္စည်းများနှင့် အခြားအကျိုးခံစားခွင့်များကို ခံစားခွင့်ရှိ သည်။

(ဋ) မြို့နယ်အသင်းများသည် ဒေသအုပ်ချုပ်ရေးအာဏာပိုင်များထံမှ သင့်တင့် လျောက်ပတ်သော အသင်းမြေနေရာကို လျှောက်ထားတောင်း ခံနိုင်သည်။ ၎င်းအပြင် မိမိရန်ပုံငွေဖြင့် အသင်းပိုင်အဆောက်အအုံကို ဆောက်လုပ် နိုင်သည်။

(ဌ) မြို့နယ်အသင်းများသည် အကျယ်အဝန်း၊ အသင်းဝင်အင်အားနှင့် လုပ်ငန်း ဆောင်ရွက်နိုင်စွမ်း ရှိမှုအပေါ် မူတည်၍ လိုအပ်သောရုံးအဖွဲ့၊ လုပ်ငန်းအဖွဲ့ များကို ဖွဲ့စည်းနိုင်သည်။

(ဍ) မြို့နယ်အသင်းများသည် နှစ်ပတ်လည်အထွေထွေ အစည်းအဝေးနှင့် မြန်မာနိုင်ငံဆရာဝန်ညီလာခံ (နယ်) ကျင်းပခွင့်ရှိသည်။

ခရိုင်/ ပြည်ထောင်စုနယ်မြေ/ ပြည်နယ်/တိုင်းဒေသကြီးအဆင့်

၂၀။ ခရိုင်အသင်းများကို အောက်ဖော်ပြပါအတိုင်း ဖွဲ့စည်းရမည် -

(က) နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားရှိသော အုပ်ချုပ်ရေး ဒေသနယ်မြေအလိုက် ယင်းနယ်မြေတွင် ပါဝင်ဖွဲ့စည်းထားသော မြို့နယ်များရှိ ဆရာဂန်အသင်းများဖြင့် ပေါင်းစပ်ဖွဲ့စည်းရမည်။

(ခ) ယင်းအဖွဲ့ကို မြန်မာနိုင်ငံဆရာဝန်အသင်း (ခရိုင်အမည်) အမှုဆောင်အဖွဲ့ဟု ခေါ်တွင်စေရမည်။

(ဂ) ယင်းအမှုဆောင်အဖွဲ့၏သက်တမ်းသည် (၂) နှစ် ဖြစ်သည်။ (ဗဟိုကော်မတီ၏ သက်တမ်းနှင့် လိုက်လျောညီထွေရှိရမည်။)

(ဃ) ယင်းအမှုဆောင်အဖွဲ့သည် နယ်မြေအတွင်းရှိ မြို့နယ်အသင်းများကို လမ်းညွှန်ခြင်း၊ ပံ့ပိုးကူညီခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ အင်အားတိုးချဲ့ဖွဲ့စည်းခြင်းပြုလုပ်ရမည်။

၂၁။ တိုင်းဒေသကြီး၊ ပြည်နယ်နှင့်ပြည်ထောင်စု နယ်မြေအသင်းများကို အောက်ဖော်ပြပါအတိုင်း ဖွဲ့စည်းရမည် -

(က) နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားရှိသော အုပ်ချုပ်ရေး ဒေသနယ်မြေအလိုက် ယင်းနယ်မြေတွင် ပါဝင်ဖွဲ့စည်းထားသော မြို့နယ်များရှိ ဆရာဂန်အသင်းများဖြင့် ပေါင်းစပ်ဖွဲ့စည်းရမည်။

(ခ) ယင်းအဖွဲ့ကို မြန်မာနိုင်ငံဆရာဝန်အသင်း (တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ) အမှုဆောင်အဖွဲ့ဟု ခေါ်တွင်စေရမည်။

(ဂ) ယင်းအမှုဆောင်အဖွဲ့၏ သက်တမ်းသည် (၂) နှစ် ဖြစ်သည်။ (ဗဟိုကော်မတီ၏ သက်တမ်းနှင့် လိုက်လျောညီထွေရှိရမည်။)

(ဃ) ယင်းအမှုဆောင်အဖွဲ့သည် နယ်မြေအတွင်းရှိ ခရိုင်နှင့်မြို့နယ်အသင်းများကို လမ်းညွှန်ခြင်း၊ ပံ့ပိုးကူညီခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ အင်အားတိုးချဲ့ဖွဲ့စည်းခြင်းပြုလုပ်ရမည်။

အသင်း၏ နှစ်ပတ်လည်အထွေထွေ အစည်းအဝေးကျင်းပခြင်း

၂၂။ အသင်း၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို အောက်ပါအချက်အလက်များနှင့် လျော်ညီအောင် ကျင်းပရမည် -

(က) အသင်း၏နှစ်ပတ်လည် အထွေထွေအစည်းအဝေးသည် အသင်း၏ကိစ္စအရပ်ရပ်အတွက် တာဝန်အရှိဆုံး၊ အမြင့်ဆုံးအစည်းအဝေးဖြစ်ပြီး တစ်နှစ်လျှင်တစ်ကြိမ် ပုံမှန်ကျင်းပရမည်။ မြန်မာနိုင်ငံဆရာဝန်ညီလာခံ ကျင်းပပြုလုပ်သည့်နေ့မတိုင်မီ တစ်ရက်ကြိုတင်၍ ကျင်းပရမည်။

(ခ) နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို ဗဟိုကော်မတီမှ ဆုံးဖြတ်သည့်နေရာတွင် ကျင်းပပြုလုပ်ရမည်။

(ဂ) နှစ်ပတ်လည်အထွေထွေအစည်းအဝေးသို့ အသင်းဝင်တိုင်း တက်ရောက်ခွင့် ရှိသည်။

(ဃ) ဗဟိုကော်မတီဥက္ကဋ္ဌသည် နှစ်ပတ်လည်အထွေထွေအစည်းအဝေးသဘာပတိအဖြစ်လည်းကောင်း၊ အတွင်းရေးမှူးသည် အခမ်းအနားမှူးအဖြစ်လည်းကောင်း ဆောင်ရွက်ရမည်။

(င) မည်သည့်အဆိုပြုချက်မဆို ထောက်ခံသူရှိရမည်။ အဆိုပြိုင်ဆိုင်ခြင်းရှိပါက တက်ရောက်လာသော ကိုယ်စားလှယ်များကမဲပေးပြီး အများဆုံးရသည့် အဆိုက ချက်ခြင်းအတည်ဖြစ်သည်။ မဲအရေအတွက်တူနေပါက သဘာပတိသည် ဆုံးဖြတ်မဲ (တစ်မဲ) ထပ်မံပေးခွင့်ရှိသည်။

(စ) နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် လတ်တလောဆုံးဖြတ်ရခက်ခဲသည့် ကိစ္စများကို အချိန်ယူလေ့လာရန် ဗဟိုအလုပ်အမှုဆောင်အဖွဲ့သို့ တာဝန်ပေးအပ်ပြီး အနီးစပ်ဆုံး အထွေထွေအစည်းအဝေးသို့ ပြန်လည်တင်ပြစေရန် သတ်မှတ်ပေးရမည်။

(ဆ) နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် မှတ်တမ်းတင်ခြင်း၊ အတည်ပြုခြင်းများကို သဘာပတိမှ အသင်းဝင်များကို အသိပေးကြေညာပေးရမည်။ ဆုံးဖြတ်ချက်များကို ဗဟိုကော်မတီနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှ တာဝန်ခံရမည်။

မြန်မာနိုင်ငံဆရာဝန်ညီလာခံကျင်းပခြင်း

၂၃။ မြန်မာနိုင်ငံဆရာဝန်ညီလာခံကို အောက်ဖော်ပြပါအတိုင်း ကျင်းပဆောင်ရွက်ရမည်။

(က) မြန်မာနိုင်ငံဆရာဝန်ညီလာခံ ကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှ တာဝန်ယူဖွဲ့စည်းရမည်။

(ခ) မြန်မာနိုင်ငံဆရာဝန်ညီလာခံကို နှစ်စဉ် ဇန်နဝါရီလတွင် ကျင်းပရမည်။ အလုပ်အမှုဆောင်အဖွဲ့ အသစ်ရွေးကောက် တင်မြှောက်ပွဲရှိသောနှစ်တွင် ရန်ကုန်မြို့၌ ကျင်းပရန်ဖြစ်ပြီး၊ ကြားနှစ်များတွင် ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် အခြားသင့်တော်သောပြည်နယ်၊ တိုင်းဒေသကြီးနှင့် ပြည်ထောင်စုနယ်မြေတို့၏ မြို့တော်ကိုရွေးချယ်၍ ကျင်းပရမည်။

(ဂ) ရန်ကုန်မြို့မှအပ အခြားမြို့များတွင် မြန်မာနိုင်ငံဆရာဝန်ညီလာခံကျင်းပခွင့်ကို နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် ဆုံးဖြတ်သတ်မှတ်ပြီး ဗဟိုအလုပ်အမှုဆောင်အဖွဲ့ သို့ တာဝန်ပေးအပ်ရမည်။

ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာပြဋ္ဌာန်းချက်များ

၂၄။ အသင်း၏အကျိုးစီးပွားအလို့ငှာ စွမ်းဆောင်ရည်ထက်မြက်သော ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များကို တရားမျှတစွာ ရွေးချယ်တင်မြှောက်နိုင်ရန် ရွေးချယ်တင်မြှောက်ပွဲဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ပြဋ္ဌာန်းရမည်ဖြစ်သည်။ ထိုသို့ သတ်မှတ်ပြဋ္ဌာန်းနိုင်ရန်အတွက် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ဗဟိုကော်မတီသည် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးကော်မရှင်ကို သီးခြားလွတ်လပ်သောအဖွဲ့အဖြစ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့တွင် ပါဝင်ခြင်းမရှိသည့် အတွေ့ကြုံသမ္မာရှိ၍ သမာသမတ်ရှိသူများနှင့် လိုအပ်သလို ရွေးချယ်ဖွဲ့စည်းရန်၊

(ခ) ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးကော်မရှင်သည် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ လုပ်ထုံးလုပ်နည်းများကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် ညှိနှိုင်းပြုစုရန်၊

(ဂ) ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးကော်မရှင်သည် ရွေးချယ်တင်မြှောက်ပွဲကျင်းပမည့်နေ့ရက်၊ အချိန်နှင့်နေရာကို ကြိုတင်ကြေညာရန်၊

(ဃ) ရွေးချယ်ခံရန် သတ်မှတ်အရည်အချင်းပြည့်မီ၍ ရွေးချယ်ခံရန်ဆန္ဒရှိသူများသည် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့သို့ သတ်မှတ်ရက်အတွင်း ကြိုတင်၍ မှတ်ပုံတင်စာရင်း ပေးသွင်းရမည်။

(င) ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်သည် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များကို အသင်းဝင်များ၏ ဆန္ဒမဲဖြင့် ရွေးချယ်ရမည်။

(စ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦးသည် အများဆန္ဒအရလည်းကောင်း၊ အသင်းကြီး၏ အကျိုးစီးပွားမျှော်မှန်းချက်အရလည်းကောင်း၊ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားချက်အရလည်းကောင်း၊ မိမိဆန္ဒရှိပါက သက်တမ်းတစ်ကြိမ်ထက်ပို၍ ရွေးချယ်ခံခွင့်ရှိသည်။ သို့သော် ဥက္ကဋ္ဌသက်တမ်းကို တစ်ဆက်တည်း (၃) ကြိမ်ထက်ပို၍ တာဝန်ထမ်းဆောင်ခြင်း မရှိစေရ။

(ဆ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ သက်တမ်းမှာ (၂) နှစ် ဖြစ်သည်။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့သစ်ကို (၂) နှစ်လျှင်တစ်ကြိမ် ရွေးချယ်တင်မြှောက်ရမည်။

အသင်း၏ဗဟိုကော်မတီ ဖွဲ့စည်းခြင်း

၂၅။ အသင်း၏ဗဟိုကော်မတီကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် (၂၀) ဦးနှင့် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေကိုယ်စားပြုအဖွဲ့ဝင် (၃၀) ဦးဖြင့် ဖွဲ့စည်းရမည်။ ဗဟိုကော်မတီ၏အစည်းအဝေးကို လေးလတစ်ကြိမ်ကျင်းပပြီး ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ ဥက္ကဋ္ဌနှင့်အတွင်းရေးမှူးတို့သည် ဗဟိုကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ရမည်။ ယင်းဗဟိုကော်မတီသည် အသင်း၏မူဝါဒများကို ချမှတ်လမ်းညွှန်ပေးသောအဖွဲ့ဖြစ်သည်။

(က) တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေကိုယ်စားပြုအဖွဲ့ဝင်များကို တိုင်းဒေသကြီး၊ ပြည်နယ်နှင့်ပြည်ထောင်စုနယ်မြေ အမှုဆောင်

အဖွဲ့ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး (သို့မဟုတ်) တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေအမှုဆောင်အဖွဲ့မှ ရွေးချယ်တင်မြှောက်ခြင်းခံထားရသော ကိုယ်စားလှယ်နှစ်ဦးတို့ဖြင့် ဖွဲ့စည်းရမည်။ တိုင်းဒေသကြီး၊ ပြည်နယ်နှင့်ပြည်ထောင်စုနယ်မြေ ကိုယ်စားပြုအဖွဲ့ဝင် (၃၀) ဦးသည် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ မဖြစ်စေရ။

(ခ) ဗဟိုကော်မတီ၏ သက်တမ်းသည် (၂) နှစ် ဖြစ်သည်။

(ဂ) ဗဟိုကော်မတီဝင်များသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်။

(၁) အသင်း၏လုပ်ငန်းများတွင် စိတ်ဝင်စားမှုရှိပြီး အသင်း၏အကျိုးကို ဆောင်ရွက်ဖူးသူ သို့မဟုတ် ဆောင်ရွက်လျက်ရှိသူဖြစ်ရမည်။

(၂) သက်ဆိုင်ရာဒေသတွင် လက်ရှိနေထိုင်သူ သို့မဟုတ် တာဝန်ထမ်းဆောင်သူ ဖြစ်ရမည်။

(၃) ဗဟိုကော်မတီအစည်းအဝေးများကို တက်ရောက်နိုင်သူဖြစ်ရမည်။

(ဃ) တိုင်းဒေသကြီး၊ ပြည်နယ်နှင့်ပြည်ထောင်စု နယ်မြေအမှုဆောင်အဖွဲ့တို့သည် ဗဟိုကော်မတီဝင်နှစ်ဦး၏ အမည်စာရင်းကို ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်ရှင်သို့ နှစ်ပတ်လည်အထွေထွေအစည်းအဝေး မတိုင်မီ တစ်လကြိုတင်၍ ပေးပို့ရမည်။ ဗဟိုကော်မတီဝင်များ၏ အမည်စာရင်းကို ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးကော်မရှင်က ကြေငြာရမည်။

ဗဟိုကော်မတီ၏တာဂန်နှင့် လုပ်ပိုင်ခွင့်များ၊

၂၆။ ဗဟိုကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဗဟိုကော်မတီသည် မိမိ၏တစ်နှစ်တာဆောင်ရွက်ချက်များကို အနီးစပ်ဆုံး နှစ်ပတ်လည်အထွေထွေအစည်းအဝေးသို့ တင်ပြအစီရင်ခံရမည်။

(ခ) ဗဟိုကော်မတီသည် အသင်း၏လုပ်ငန်းများနှင့် ပတ်သက်သောမူဝါဒနှင့် လုပ်ငန်းစဉ်များကို အများသဘောတူရေးဆွဲပြဌာန်းပေးရမည်။

(ဂ) ဗဟိုကော်မတီသည် ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှ တင်ပြသောကိစ္စများကို ကြားနာသုံးသပ် အတည်ပြုဆုံးဖြတ်ပေးရမည်။ လိုအပ်ပါက မဲခွဲဆုံးဖြတ်ပေးရမည်။

(ဃ) ဗဟိုကော်မတီသည် ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် အဖွဲ့ဝင်တစ်ဦးချင်းစီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ်ပြဌာန်းပေးရမည်။

(င) ဗဟိုကော်မတီအစည်းအဝေးကို လေးလလျှင်တစ်ကြိမ် ပုံမှန်ခေါ်ယူကျင်းပရမည်။

(စ) ဗဟိုကော်မတီအထွေထွေအတွင်းရေးမှူးသည် အစည်းအဝေးကျင်းပမည့်နေ့ရက်ကို ဗဟိုကော်မတီဝင်များထံ တစ်လကြိုတင် အကြောင်းကြားရမည်။

(ဆ) ဗဟိုကော်မတီသည် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌနှင့် တိုင်ပင်ညှိနှိုင်း၍ ထူးခြားသောဖြစ်စဉ် အခြေအနေများတွင် အထူးအစည်းအဝေးကို ခေါ်ယူကျင်းပနိုင်သည်။

(ဇ) ကျန်းမာရေးဝန်ကြီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ရန် လိုအပ်သောကိစ္စများ သို့မဟုတ် အသင်းဝင်အများနှင့်သက်ဆိုင်သော အရေးကြီးကိစ္စရပ်များ သို့မဟုတ် နိုင်ငံတကာနှင့်ဆိုင်သော အရေးကြီးကိစ္စရပ်များတွင် နယ်အသင်းများ၊ ဘာသာရပ်ဆိုင်ရာအဖွဲ့များ၊ လုပ်ငန်းအဖွဲ့များနှင့် အထောက်အကူပြုအဖွဲ့များသည် ဗဟိုအလုပ်အမှုဆောင်အဖွဲ့သို့တင်ပြ၍ ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်ရယူရမည်။

(ဈ) ဗဟိုကော်မတီအစည်းအဝေးသို့ အဖွဲ့ဝင်ထက်ဝက်ကျော်တက်ရောက်လျှင် အစည်းအဝေး အထမြောက်သည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့

၂၇။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် အသင်း၏နှစ်ပတ်လည်အထွေထွေအစည်းအဝေး ကို တာဝန်ခံရသော အဖွဲ့အစည်းဖြစ်သည်။

(က) ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးကော်မရှင်သည် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် (၂၀) ဦးကို သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ အသင်းဝင်များ၏မဲဆန္ဒဖြင့် ရွေးချယ်ပေးရမည်။

(ခ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များသည် အောက်တွင်ဖော်ပြထားသည့် အလုပ်အမှုဆောင်အဖွဲ့ကို အဖွဲ့ဝင်များ၏ အများဆန္ဒနှင့်အညီ ရွေးချယ်တာဝန်ပေးအပ်ရမည်။ လိုအပ်ပါက မဲစနစ်ဖြင့် ရွေးချယ်ပေးရမည်။

| | | |
|---|---|---|
| (၁) | ဥက္ကဋ္ဌ | President |
| (၂) | ဒုတိယဥက္ကဋ္ဌ (၁) | Vice President (1) |
| (၃) | ဒုတိယဥက္ကဋ္ဌ (၂) | Vice President (2) |
| (၄) | အထွေထွေအတွင်းရေးမှူး | Secretary General |
| (၅) | တွဲဖက်အထွေထွေအတွင်းရေးမှူး | Joint Secretary General |
| (၆) | ဘဏ္ဍာရေးမှူး | Treasurer |
| (၇) | တွဲဖက်ဘဏ္ဍာရေးမှူး | Joint Treasurer |
| (၈) | စာရင်းစစ် | Auditor |
| (၉) | အတွင်းရေးမှူး (ပညာရေးရာ) | Academic Secretary |
| (၁၀) | အတွင်းရေးမှူး (သဟာယနှင့်အားကစား) | Social and Sports Secretary |
| (၁၁) | အတွင်းရေးမှူး (စည်းရုံး/ဆက်သွယ်) | Organization/ Communication Secretary |
| (၁၂) | အတွင်းရေးမှူး (စာပေထုတ်ဝေရေး) | Publication Secretary |
| (၁၃) | လုပ်ငန်းအတွင်းရေးမှူး | Business Secretary |
| (၁၄) | အမှုဆောင်အဖွဲ့ဝင် | Member |

(၁၅) အမှုဆောင်အဖွဲ့ဝင် Member
(၁၆) အမှုဆောင်အဖွဲ့ဝင် Member
(၁၇) အမှုဆောင်အဖွဲ့ဝင် Member
(၁၈) အမှုဆောင်အဖွဲ့ဝင် Member
(၁၉) အမှုဆောင်အဖွဲ့ဝင် Member
(၂၀) အမှုဆောင်အဖွဲ့ဝင် Member

(ဂ) ယခင်သက်တမ်းဥက္ကဋ္ဌ (Immediate Past President) ကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးများသို့ ဖိတ်ကြားခွင့်ရှိသည်။ သို့သော် ဆုံးဖြတ်ချက်များတွင် မဲပေးပိုင်ခွင့်မရှိစေရ။

(ဃ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌသည် အမှုဆောင်သက်တမ်းအတွင်း အဖွဲ့ဝင်တစ်ဦးဦး လစ်လပ်သွားပါက သက်ဆိုင်ရာတွဲဖက်တာဝန်ထမ်းဆောင်နေသူအား တာဝန်ပေးအပ် ဆောင်ရွက်စေရမည်။

၂၈။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့တာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဗဟိုကော်မတီမှ ဆုံးဖြတ်တာဝန်ပေးအပ်သည့်လုပ်ငန်းများကို ဦးစီးဆောင်ရွက်ရမည်။

(ခ) ဘာသာရပ်ဆိုင်ရာအဖွဲ့များ၊ လုပ်ငန်းအဖွဲ့များ၊ အထောက်အကူပြုအဖွဲ့များကို စီမံကွပ်ကဲခြင်း၊ ကြီးကြပ်လမ်းညွှန်ခြင်း၊ ပံ့ပိုးကူညီခြင်း ပြုလုပ်ရမည်။

(ဂ) အသင်း၏ကိစ္စရပ်များအတွက် အခြားအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်ရမည်။

(ဃ) အသင်း၏ရန်ပုံငွေကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ကြပ်မတ်သုံးစွဲရမည်။

(င) အသင်း၏ရံပုံငွေမှ အတွင်းရေးမှူး၏ဆုံးဖြတ်ချက်ဖြင့် ကျခံသုံးစွဲရမည့် ငွေပမာဏကို အခါအားလျော်စွာ သတ်မှတ်ပေးရမည်။ ယင်းသတ်မှတ်သည့် ပမာဏထက်ကျော်လွန်ပါက ဥက္ကဋ္ဌ၏ အတည်ပြုချက်ရယူရမည်။

(စ) လုပ်ငန်းတိုးတက်ပြီးစီးမှု အခြေအနေကို လေးလပတ် ဗဟိုကော်မတီ အစည်းအဝေးသို့ တင်ပြအစီရင်ခံရမည်။

(ဆ) လစဉ်ပုံမှန်အစည်းအဝေးကိုအနည်းဆုံးတစ်လလျှင် တစ်ကြိမ်ကျင်းပရမည်။ အစည်းအဝေးတက်ရောက်နိုင်ရန် အဖွဲ့ဝင်များထံ အနည်းဆုံး တစ်ပတ်ကြိုတင် အကြောင်းကြားရမည်။

(ဇ) အစည်းအဝေးသို့ ဘာသာရပ်ဆိုင်ရာအဖွဲ့များ၊ လုပ်ငန်းအဖွဲ့များ၊ အထောက်အကူပြုအဖွဲ့များအား လိုအပ်ပါက ဖိတ်ကြားရမည်။

(ဈ) အစည်းအဝေးသို့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ထက်ဝက်ကျော်တက် ရောက်လျှင် အစည်းအဝေးအထမြောက်သည်။

(ည) ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ကိစ္စများကို ဆောင်ရွက်နိုင်ရန်အတွက် အမှုဆောင်အရာရှိတစ်ဦး ခန့်ထားရမည်။ အမှုဆောင်အရာရှိ၏ အခြေခံ လစာနှင့် ခံစားခွင့်များကို ရုံးလုပ်ထုံး၊ လုပ်နည်း၊ စည်းမျဉ်း၊ စည်းကမ်းများ နှင့်အညီ သတ်မှတ်ပြဋ္ဌာန်းပေးရမည်။

(ဋ) ရုံးအဖွဲ့တွင် ရုံးအဖွဲ့မှူးတစ်ဦး၊ အုပ်ချုပ်ရေးမှူးတစ်ဦး၊ စာရင်းကိုင်အရာရှိ တစ်ဦးနှင့် အခြား ရုံးဝန်ထမ်းများကို လိုအပ်ချက်နှင့်အညီ ခန့်ထားရမည်။ အခြေခံလစာနှင့် ခံစားခွင့်များကို ရုံးလုပ်ထုံး၊ လုပ်နည်း၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီသတ်မှတ်ပြဋ္ဌာန်းပေးရမည်။

(ဌ) အသင်းအတွက်လိုအပ်သော ဥပဒေအကြံပေးပုဂ္ဂိုလ်၊ ပြင်ပစာရင်းစစ် များကို အဖွဲ့ဝင်များသဘောတူညီချက်ဖြင့် ထိုက်သင့်သည့် ချီးမြှင့်ငွေ ပေးအပ်၍ ခန့်ထားနိုင်သည်။

(ဍ) ဆေးပညာဗဟုသုတ ပြန့်ပွားစေရန်အလို့ငှာ တည်ထောင်ဖွင့်လှစ်ထား သည့် စာကြည့်တိုက်လုပ်ငန်းအား ရေရှည်တည်တံ့စေရန်နှင့် ဖွံ့ဖြိုးတိုး တက်စေရန်အတွက် ဆောင်ရွက်ရမည်။

(ဎ) ဆေးပညာပြန့်ပွားရေးနှင့် အသင်းသားများ၏ သုတေသနလုပ်ငန်းများကို ပံ့ပိုးရန်အလို့ငှာ မြန်မာနိုင်ငံဆရာဝန်အသင်း ဆေးဂျာနယ်အား တာဝန် ယူ၍ ပုံမှန်ထုတ်ဝေပေးရမည်။

၂၉။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ၏ တာဝန်များမှာ -

(က) ဥက္ကဋ္ဌသည်ကိုယ်တိုင် တက်ရောက်သောအစည်းအဝေးတိုင်း၌ သဘာပတိအဖြစ် ဆောင်ရွက်ရမည်။

(ခ) နယ်အသင်းများ၊ ဘာသာရပ်ဆိုင်ရာညီလာခံများကို ဖွင့်လှစ်ပေးရမည်။

(ဂ) အသင်း၏ ကိစ္စအဝဝအတွက် အလုံးစုံတာဝန်ခံရမည်။

(ဃ) အလုပ်အမှုဆောင်သက်တမ်းအတွင်း ဥက္ကဋ္ဌနေရာလစ်လပ်ပါက ဒုတိယဥက္ကဋ္ဌ (၁) နှင့် (၂) တို့မှ အစဉ်လိုက် တာဝန်ယူရမည်ဖြစ်သည်။

၃၀။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဒုတိယဥက္ကဋ္ဌများ၏တာဝန်များမှာ -

(က) ဥက္ကဋ္ဌကိုယ်စား တာဝန်ပေးအပ်လာပါက ဆောင်ရွက်ရမည်။

(ခ) အသင်း၏လုပ်ငန်းများကို ကြီးကြပ်ကိုင်တွယ်ဆောင်ရွက်ရမည်။

(ဂ) မြို့နယ်အသင်းများသို့ နယ်လှည့်စည်းရုံးခြင်းလုပ်ငန်း၊ ပေါင်းစပ်ညှိနှိုင်းခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း ပြုလုပ်ရမည်။

၃၁။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့အထွေထွေအတွင်းရေးမှူး၏တာဝန်များမှာ -

(က) အသင်း၏ရုံးလုပ်ငန်းကိစ္စအဝဝကို တာဝန်ယူစီမံခန့်ခွဲရမည်။

(ခ) အသင်းလုပ်ငန်းကိစ္စ ဆောင်ရွက်ပြီးစီးမှုများကို မှတ်တမ်းတင်ခြင်း၊ အစီရင်ခံခြင်း၊ ဖြန့်ဝေခြင်းပြုလုပ်ရမည်။

(ဂ) အသင်းဝင်များ၏ အင်အားစာရင်းပြုစုခြင်း၊ အောက်ခြေမှတင်ပြချက်၊ အစီရင်ခံစာများကိုလက်ခံဆောင်ရွက်ရမည်။

(ဃ) ဥက္ကဋ္ဌမှပေးအပ်သော အခြားတာဝန်များကိုလည်း ဆောင်ရွက်ရမည်။

(င) အစည်းအဝေးများကို ဥက္ကဋ္ဌ၏သဘောတူညီချက်ဖြင့် ခေါ်ယူကျင်းပရမည်။

(စ) ဘဏ္ဍာရေးအတွက် ငွေသွင်းငွေထုတ်ကိစ္စများတွင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှ အခါအားလျော်စွာ သတ်မှတ်ထားသော ပမာဏထက်ကျော်ပါက ဥက္ကဋ္ဌထံတင်ပြ၍ ဆုံးဖြတ်ဆောင်ရွက်ရမည်။

(ဆ) လစဉ်အစည်းအဝေးများတွင် လုပ်ငန်းပြီးစီးမှုများကို အစီရင်ခံတင်ပြရမည်။

၃၂။ ဇဟိုအလုပ်အမှုဆောင်အဖွဲ့ တွဲဖက်အထွေထွေအတွင်းရေးမှူးများ၏ တာဝန်များမှာ-

(က) အထွေထွေအတွင်းရေးမှူး၏ လုပ်ငန်းတာဝန်များကို ကူညီဆောင်ရွက်ပေးရမည်။

(ခ) အထွေထွေအတွင်းရေးမှူး မအားလပ်သည့်အခါ ကိုယ်စားဆောင်ရွက်ရမည်။

၃၃။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဘဏ္ဍာရေးမှူး၏ တာဝန်ဝတ္တရားများမှာ -

(က) ဘဏ္ဍာရေးမှူးသည် အသင်း၏ပိုင်ဆိုင်မှုနှင့် ဘဏ္ဍာငွေကို အမြဲတစေထိန်းသိမ်းစောင့်ရှောက်ရမည်။

(ခ) အသင်းရန်ပုံငွေကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှ အသိအမှတ်ပြုထားသောဘဏ်တွင် အပ်နှံထားရှိရမည်။

(ဂ) လစဉ်ဝင်ငွေ ထွက်ငွေနှင့် ရသုံးခန့်မှန်းခြေငွေစာရင်းကို ဗဟိုအလုပ်အမှုဆောင် အစည်းအဝေးသို့ အစီရင်ခံတင်ပြရမည်။

(ဃ) အသင်း၏ ငွေကြေးသုံးစွဲမှုမှန်သမျှကို ဌာနတွင်းစာရင်းစနစ် (Internal Audit) နှင့် ပြင်ပ စာရင်းစစ် (External Audit) တို့၏ အတည်ပြုချက်ရယူရမည်။

လုပ်ငန်းအဖွဲ့နှင့် ဘာသာရပ်ဆိုင်ရာအဖွဲ့များဖွဲ့စည်းခြင်း -

၃၄။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့နှင့် ဘာသာရပ်ဆိုင်ရာအဖွဲ့များ ဖွဲ့စည်းခြင်း၊ လုပ်ငန်းစဉ်များချမှတ်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်။ ထိုသို့ဖွဲ့စည်းဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးရမည့် အခြေခံမူဝါဒနှင့် လုပ်ထုံးလုပ်နည်းများကိုလည်း သတ်မှတ်ပြဋ္ဌာန်းပေး ရမည်။

(က) လုပ်ငန်းအဖွဲ့များ -

(၁) ရုံးလုပ်ငန်းအဖွဲ့
(၂) အလုပ်သမားရေးရာကြီးကြပ်မှုအဖွဲ့
(၃) ပြည်သူ့ကျန်းမာရေးစီမံချက်များ စီမံခန့်ခွဲရေးအဖွဲ့ (Programme Management Department)
(၄) စာပေထုတ်ဝေရေးအဖွဲ့
(၅) စာကြည့်တိုက်အဖွဲ့
(၆) အမျိုးသမီးဆရာဝန်များအဖွဲ့
(၇) သဟာယနှင့်ဒေသ့ရိပ်သာကြီးကြပ်မှုအဖွဲ့
(၈) သက်ကြီးဆရာဝန်များထောက်ကူအဖွဲ့
(၉) ဗုဒ္ဓဘာသာအဖွဲ့
(၁၀) ဆရာဝန်များကျင့်ဝတ်သိက္ခာထိန်းသိမ်းစောင့်ရှောက်မှုအဖွဲ့
(၁၁) စာရေးဆရာဆရာဝန်အဖွဲ့
(၁၂) နယ်လှည့်ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့
(၁၃) အရေးပေါ်လူနာအသက်ကယ်တင်ကုသပို့ဆောင်ရေးလုပ်ငန်းအဖွဲ့ (Emergency Ambulance Service)

မှတ်ချက်။ ။ (က) လုပ်ငန်းဆိုင်ရာအဖွဲ့များ ဖွဲ့စည်းရာတွင် အသင်း၏အမှန်တကယ်လုပ်ငန်းလိုအပ်ချက်အရလည်းကောင်း၊ အသင်း၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းဘောင်အတွင်းမှလည်းကောင်း၊ ဗဟိုကော်မတီမှသဘောတူလျှင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှကြီးကြပ်လမ်းညွှန်ပြီး ဖွဲ့စည်းနိုင်ပါသည်။

(ဓ) ပြည်သူ့ကျန်းမာရေးစီမံချက်များ စီမံခန့်ခွဲရေးအဖွဲ့၏ ဝန်ထမ်းများနှင့် စီမံချက်တစ်ခုစီ၏ ဝန်ထမ်းများအားလုံးကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှ ခန့်အပ်ရမည်။ ပြည်သူ့ကျန်းမာရေးစီမံချက်လုပ်ငန်းနှင့် စီမံချက်တစ်ခုစီ၏အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးကိစ္စများအားလုံးသည် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုအောက်တွင် ရှိရမည်။

(ခ) ဘာသာရပ်ဆိုင်ရာအဖွဲ့များဖွဲ့စည်းခြင်း -

ဘာသာရပ်ဆိုင်ရာအဖွဲ့များကို အောက်ပါမူဝါဒများနှင့်ကိုက်ညီပါက ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှ ဖွဲ့စည်းခွင့်ပြုသည် -

(၁) နိုင်ငံတော်မှ တရားဝင်အသိအမှတ်ပြုထားသော ဆေးပညာဘာသာရပ် ဖြစ်ရမည်။

(၂) အဖွဲ့ဝင်ဆရာဝန်များသည် သက်ဆိုင်ရာဘာသာရပ်တွင် လက်တွေ့ကျွမ်းကျင်ပိုင်နိုင်စွာ လုပ်ကိုင်နေသူများဖြစ်ရမည်။

(၃) အဖွဲ့ဝင်များသည် မြန်မာနိုင်ငံဆရာဝန်အသင်းဝင်ဖြစ်ပြီးသူများ ဖြစ်ရမည်။

(၄) အဖွဲ့ဝင်ဦးရေအနည်းဆုံး (၃၀) ဦးရှိပြီး အားလုံးသဘောတူလက်မှတ်ရေးထိုးပြီးမှသာ ဖွဲ့စည်းပုံနှင့် ရည်ရွယ်ချက်လုပ်ငန်းစဉ်များကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့သို့တင်ပြ၍ သဘောတူညီမှုရယူရမည်။

(၅) နီးနွယ်ဘာသာရပ်အချင်းချင်း ပူးပေါင်းဖွဲ့စည်းလိုသောအဖွဲ့များအနေဖြင့် ရည်ရွယ်ချက်၊ ဖွဲ့စည်းပုံ၊လုပ်ငန်းစဉ်၊ အကျိုးတရားများကို ရေးသားအစီရင်ခံ၍ ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှ မူဝါဒအရသဘောတူလျှင် ခွင့်ပြုနိုင်သည်။

(၆) ဘာသာရပ်ဆိုင်ရာအဖွဲ့များ၏လုပ်ထုံးလုပ်နည်း၊စည်းမျဉ်းများသည် အသင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့် မဆန့်ကျင်လျှင် ရေးဆွဲပြဋ္ဌာန်းကျင့်သုံးခွင့်ရှိသည်။

(၇) အသင်း၏ အမှတ်တံဆိပ်ကိုအခြေခံ၍ သုံးစွဲခွင့်ရှိသည်။ သီးခြား အမှတ်တံဆိပ် လက္ခဏာအသုံးပြုလိုပါက ဗဟိုအလုပ်အမှုဆောင် အဖွဲ့၏ အများသဘောတူ ဆုံးဖြတ်အတည်ပြုပြီးမှသာလျှင် သုံးစွဲခွင့် ရှိသည်။

(၈) အသင်းဝင်များ၏အကျိုးစီးပွား၊ ပြည်သူတို့၏အကျိုးစီးပွားကို ဖြစ် ထွန်းစေခြင်းအလို့ငှာ နိုင်ငံခြားဘာသာရပ်ပညာရှင်များ၊ အဖွဲ့အ စည်းများနှင့် လွတ်လပ်ချစ်ကြည်စွာ ပူးပေါင်းဖလှယ် ဆောင်ရွက် နိုင်သည်။

(၉) မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို) ၏ လုပ်ငန်းများတွင် ပူးပေါင်း ဆောင်ရွက်ရမည်။

(၁၀) အသင်း၏ အစည်းအဝေးများတက်ရောက်ခြင်း၊ အကြံပြုခြင်း၊ အစီ ရင်ခံခြင်း၊ တာဝန်ခံခြင်းပြုလုပ်ရမည်။

(၁၁) ဆေးပညာဘာသာရပ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ညီလာခံများကို ကျင်းပခွင့်ရှိသည်။

(၁၂) မိမိဘာသာရပ်နှင့်သက်ဆိုင်သော၊ ပြည်သူ့အကျိုးပြုကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ၊ ကျန်းမာရေးပညာပေးလုပ်ငန်းများကို လုပ်ဆောင်ရမည်။

(၁၃) ဘာသာရပ်ဆိုင်ရာအဖွဲ့များသည် အပြည်ပြည်ဆိုင်ရာ၌ အဖွဲ့ဝင် နိုင်ငံအဖြစ် ပါဝင်ခွင့်ရှိပြီး အိမ်ရှင်နိုင်ငံအဖြစ် ညီလာခံများကို လက်ခံ ကျင်းပခွင့်ရှိသည်။ ထိုသို့ပြုလုပ်ရာတွင် ဗဟိုအလုပ်အမှုဆောင် အဖွဲ့သို့ စီမံချက်ဖြင့်တင်ပြရမည်။

၃၅။ မြန်မာနိုင်ငံဆရာဝန်အသင်း (တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ/ ခရိုင်/ မြို့နယ်) အမှုဆောင်အဖွဲ့များ၊ လုပ်ငန်းအဖွဲ့များ၊ အထောက်အကူပြုအဖွဲ့များနှင့် ဘာသာရပ်ဆိုင်ရာအဖွဲ့များသည် နှစ်စဉ်အမှုဆောင်အဖွဲ့အစီရင်ခံစာနှင့် ဘဏ္ဍာရေးအစီရင် ခံစာများကို နှစ်ပတ်လည်ညီလာခံမတိုင်မီ တစ်လအလိုတွင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့သို့ မပျက်မကွက် တင်ပြရမည်။

# အခန်း (၇)
# ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပြင်ဆင်ခြင်း

၃၆။ အသင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပြင်ဆင်ခြင်းကို အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) အသင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပြင်ဆင်ခြင်းကို ပြောင်းလဲနေသော အခြေအနေ အချိန်အခါအရလည်းကောင်း၊ ဖွဲ့စည်းပုံအင်အားပေါ်မူတည်၍လည်းကောင်း၊ လုပ်ငန်းဆောင်ရွက်မှု စီမံခန့်ခွဲရေးနည်းစနစ်များအရလည်းကောင်း ပြင်ဆင်ဖြည့်စွက်နိုင်သည်။

(ခ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှ စိစစ်လေ့လာ၍ ရှေးဦးစွာ ဗဟိုကော်မတီသို့ တင်ပြရမည်။

(ဂ) ဗဟိုကော်မတီမှ ယင်းကိစ္စကိုနယ်အသင်းများ၊ လုပ်ငန်းအဖွဲ့များ၊ ဘာသာရပ်ဆိုင်ရာအဖွဲ့များမှ ဆန္ဒပြုနိုင်ရေးအတွက် မြန်မာနိုင်ငံဆရာဝန်ညီလာခံမတိုင်မီ (တစ်) လ ကြိုတင်ဖြန့်ဝေရမည်။

(ဃ) တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ခရိုင်၊မြို့နယ်အသင်းများ၊ လုပ်ငန်းအဖွဲ့များ၊ ဘာသာရပ်ဆိုင်ရာအဖွဲ့များမှ အကြံပြုချက်များကို ဗဟိုကော်မတီနှင့် ဗဟိုအလုပ် အမှုဆောင်အဖွဲ့မှ လက်ခံစိစစ်သုံးသပ်ပြီး အသင်း၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေးသို့ တင်ပြသဘောတူညီမှု ရယူရမည်။

(င) တက်ရောက်လာသော ညီလာခံကိုယ်စားလှယ်အားလုံး၏ ထက်ဝက်ကျော်က နှစ်ပတ်လည်အထွေထွေအစည်းအဝေးကြီးတွင် သဘောတူညီလျှင် အတည်ဖြစ်သည်။

# အခန်း (၈)

# အထွေထွေ

၃၇။ အသင်းသည်နိုင်ငံတော်က အသိအမှတ်ပြုထားသော အသင်းပိုင်တံဆိပ်၊ အမှတ်အသား၊ အသင်း၏အဆောင်အယောင်၊ ပိုင်ဆိုင်မှုများကိုထိန်းသိမ်းခွင့်၊ ကာကွယ်ပိုင်ခွင့်၊ ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းအရ ဆက်ခံခွင့်ရှိသည်။

၃၈။ အသင်းတွင် တာဝန်ယူဆောင်ရွက်နေသူအားလုံးသည် ကိုယ်ကျိုးမဖက်၊ စေတနာ့ဝန်ထမ်းထမ်းရွက်နေသူများဖြစ်ပြီး တာဝန်နှင့် လုပ်ပိုင်ခွင့်သတ်မှတ်ပြဌာန်းထားသည်မှလွဲ၍ အားလုံးတစ်ပြေးညီ အကျိုးခံစားခွင့်ရှိသည်။ လူပုဂ္ဂိုလ်ဆိုင်ရာ၊ ရာထူး၊ ဌာန၊ ငွေကြေးအာဏာအရှိန်အဝါ လွှမ်းမိုးခြယ်လှယ်မှုမရှိစေရ။

၃၉။ အသင်းမှလည်းကောင်း၊ အသင်းနှင့်ဆက်နွယ်နေသည့် လုပ်ငန်းများမှလည်းကောင်း၊ ပုံမှန်လစာနှင့် ပုံမှန်ချီးမြှင့်ငွေ ခံစားနေသူများသည် ဗဟိုကော်မတီနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့တို့တွင် ရွေးချယ်ခံပိုင်ခွင့် မရှိစေရ။

၄၀။ အသင်း၏ အကျိုးစီးပွားအလို့ငှာလည်းကောင်း၊ အသင်းဝင်တစ်ဦးဦး၏ ရပိုင်ခွင့်နှင့် အကျိုးစီးပွား အလို့ငှာလည်းကောင်း ကာကွယ်ပိုင်ခွင့်၊ တရားစွဲဆိုပိုင်ခွင့်ရှိသည်။

၄၁။ အသင်းသည် အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ၊ နည်းဥပဒေများအရ တရားဝင်ခွင့်ပြုချက်ဖြင့် ဖွဲ့စည်းထားသော ဆရာဝန်ဆေးပညာရှင်ထုတစ်ရပ်လုံးအား ကိုယ်စားပြုသည့် အဖွဲ့အစည်းဖြစ်သည်။ ချမှတ်ထားသောအဖွဲ့အစည်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ကိုလည်း တိကျစွာလိုက်နာဆောင်ရွက်သွားမည်။

၄၂။ အသင်း၏အကျိုးစီးပွားအလို့ငှာ မသမာမှုများနှင့် ထိခိုက်နစ်နာမှုများအတွက် အသင်းမှ ဥပဒေကြောင်းအရ တရားစွဲဆိုပိုင်ခွင့်ရှိသည်။

၄၃။ နိုင်ငံရေးပါတီတစ်ခုခု၏ ဗဟို၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စု နယ်မြေ၊ ခရိုင်၊ မြို့နယ်အမှုဆောင်အဖွဲ့ဝင် ဖြစ်လျှင်သော်လည်းကောင်း၊ လွှတ်တော်တစ်ရပ်ရပ်၏ လွှတ်တော်ကိုယ်စား လှယ်ဖြစ်လျှင်သော်လည်းကောင်း၊ အသင်းအဆင့်ဆင့်၏ အလုပ်အမှုဆောင်အဖွဲ့နှင့် အမှုဆောင်အဖွဲ့အဆင့်ဆင့်တို့တွင် ရွေးချယ်ခံပိုင်ခွင့်မရှိစေရ။ လက်ရှိ တာဝန်ထမ်းဆောင်နေပါက တာဝန်မှအနားယူရမည်။ လွှတ်တော်ကိုယ် စားလှယ်အဖြစ် ရွေးချယ်ခံရန်အမည်စာရင်း အတည်ပြုချိန်မှစ၍ အသင်းတာဝန်မှ ခေတ္တကင်းလွတ်ခွင့် တောင်းခံရမည်။ ရွေးချယ်ခြင်းမခံရပါက မိမိဆန္ဒအလျောက် မူလတာဝန်ကို ပြန်လည်ထမ်းဆောင်ခွင့်ရှိသည်။